# ၂၀၁၁ ခုနှစ် ရွှေ့ပြောင်းအလုပ်သမားများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်

## မှတ်ပုံတင်ပြုလုပ်နိုင်မည့်သူများ

ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အလုပ်ရှင်များထံတွင်အလုပ်လုပ်ကိုင်လျက်ရှိသော မည်သည့်မှတ်ပုံတင်လက်မှတ်မှမရှိသည့် ကမ်ဘောဒီးယား၊ လာအိုနှင့်မြန်မာနိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားများ၊

## ထိုင်းနိုင်ငံတွင်နေထိုင်ပြီးအလုပ်လုပ်နိုင်မည့်အချိန်အတိုင်းအတာ

(၁)နှစ်ထက်မပို။

အဓိကမှာ လုပ်သမားနှင့်အိမ်ဖေါ် နှစ်မျိုးသာအလုပ်လုပ်ခွင့်ပြုသည်။ အလုပ်အမျိုးအစား(၆)ခုမှာ ရေလုပ်ငန်း(ရေငန်နှင့်ရေချို)၊ ရေလုပ်ငန်းထွက်ပစ္စည်းထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ ဆောက်လုပ်ရေး၊ အိမ်ဖေါ် နှင့် အခြားသာမာန်အလုပ်များ ဟူ၍ဖြစ်သည်။

## မှတ်ပုံတင်ခြင်းအစီအစဉ်အကျဉ်းချုပ်

ယနေ့မှစ၍ အလုပ်ရှင်များနီးစပ်ရာအလုပ်သမားရုံးများတွင် အလုပ်သမားခန့်ထားခွင့် (ကိုတာ) ကိုသွားရောက်တောင်းယူ၍ ထော်သော် (၁) ပုံစံဖြည့်၍ အလုပ်သမားခန့်ထားခွင့်တောင်းယူ နိုင်သည်။

**(တွဲရက်ပါ ဇယားကိုကြည့်ရှုပါရန်)**

## မှတ်ပုံတင်ပြီးနောက်ပိုင်း စီမံခန့်ခွဲမှု

1. အလုပ်လုပ်ခွင့်ရရှိပါက မိမိမှတ်ပုံတင်ထားသည့်ခရိုင်အတွင်းခရီးသွားလာနိုင်သည်။ ရေလုပ်ငန်းနှင့်အိမ်ဖေါ် လုပ်ငန်းတွင်လုပ်ကိုင်နေသူများမှအပ ခရိုင်ကျော်ခွင့်ကို ခရိုင်မှူးထံတွင်တောင်းခံရမည် (ဂန်ကြီးဌာနစည်းမျည်းထုတ်ပြန်ရန်စောင့်ဆိုင်းနေဆဲ)။
2. မိမိမှတ်ပုံတင်ထားသော နယ်မြေမှအခြားဒေသသို့အလုပ်သမားအားခေါ် ဆောင်၍ အလုပ်လုပ်လိုစေပါက အလုပ်သမားရုံးတွင်ခွင့်ပြုချက်တောင်းခံရမည်။ နယ်မြေကျော်ခွင့်ကို ခရိုင်မှူးထံတွင်တောင်းခံရမည်။

3. အလုပ်သမားများပြောင်းရွှေ့မှုကို သိရှိနိုင်ရန်အတွက် အလုပ်ရှင်မှမိမိထံတွင်အလုပ်သမားများ အလုပ်လုပ်နေကြောင်းကို (၃)လ တကြိမ်အကြောင်းကြားရမည်။ အကယ်၍အလုပ်သမားများ မိမိထံမှထွက်သွားပါက(၇)ရက်အတွင်းအလုပ်သမားရုံးနှင့်မြို့နယ်မှတ်ပုံတင်ရုံးသို့အကြောင်း ကြားရမည်။သတ်မှတ်ရက်အတွင်းအကြောင်းမကြားပါက၊ အလုပ်ရှင်ကိုတာကိုဖျက်သိမ်းခြင်း ခံရမည်။
4. အလုပ်ရှင်အပြောင်းအလဲပြုလုပ်လိုပါက မိမိတို့မှတ်ပုံတင်ထားသည့် လုပ်ငန်းအမျိုးအစား အတွင်းသာပြောင်းလဲနိုင်သော်လည်း အောက်ပါအချက်အလက်များနှင့်ကိုက်ညီရမည်။ အလုပ်ရှင်သေဆုံး၊ အလုပ်ဖျက်သိမ်း၊ အလုပ်ရှင်မှကိုယ်ထိလက်ရောင်အနိုင်ကျင့်ခံရခြင်း၊ အလုပ်ရှင်မှအလုပ်သမားကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့်အညီမလိုက်နာခြင်းနှင့် အလုပ်ရှင်မှခွင့်ပြုခြင်း တို့ဖြစ်သည်။
5. ဒေသဆိုင်ရာအုပ်ချုပ်ရေးဌာနများ၊ မြူနီစပယ်ရုံး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ၊ ရပ်ရွာမှူးများနှင့်ပြည်သူလူထုများတို့မှ မိမိတို့ရပ်ရွာတွင် တရားမဝင်နေထိုင်သူများ ဝင်ထွက်သွားလာမှုကိုတွေ့ရှိပါက သတင်းပေးရန်

**<u>မှတ်ချက်</u>**

- ရေလုပ်ငန်းတွင်အလုပ်လုပ်ကိုင်နေသူများအတွက် ဒေသအလိုက်မှတ်ပုံတင်အချိန်ကို သတ်မှတ်ပေးမည်။
- ရွှေ့ပြောင်းအလုပ်သမားများ၏ (၁၅) နှစ်အောက်ကလေးများအတွက်မှတ်ပုံတင်ခြင်းအစီအစဉ် ကိုအသေးစိတ်မသိရှိရသေးပါ။

## အဆင့်(၁)–တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများအားမှတ်ပုံတင်ခြင်း ၂၀၁၁ခုနှစ်
(အလုပ်ရှင်မှအလုပ်သမားခေါ်ရန်မလိုအပ်ဘဲလုပ်ဆောင်ရမည့်အဆင့်)

**၁–ရွှေ့ပြောင်းအလုပ်သမားအရေအတွက်အားအကြောင်းကြားခြင်း**

နေထိုင်သည့်ဒေသ ခရိုင်တွင်းရှိအလုပ်ရှာဖွေရေးရုံး(၁၅ဇွန်–၁၄ဇူလိုင်)

- အလုပ်ရှင်မှအလုပ်သမားငှားရမ်းခွင့်ဖေါင်(ကိုတာ)နှင့် ထောတော– ၁ (**ท.ต. 1**)အားလက်ခံခြင်း

←

၁–ကိုတာ နှင့် ထောတော–၁ အားဖြည့်ခြင်း
၂–ရွှေ့ပြောင်းအလုပ်သမား၏ဓါတ်ပုံ ၂ပုံ အား တောထော–၁ ၏ အပိုင်း ၁နှင့်အပိုင်း ၃တွင်ကပ်ရန်
၃–တောထော –၁ အားမိတ္တူ ၂စုံကူးရန်
၄–အလုပ်ငှားရမ်းခွင့်တောင်းဆိုသည့်ပုံစံအားမိတ္တူ၂စုံကူးရန်

**ဒေသ/ ခရိုင်တွင်းရှိအလုပ်ရှာဖွေရေးရုံး**

- အလုပ်ရှင်မှ တောထော–၁ ပုံစံအားတင်ခြင်း
- စာရင်းရုံးသို့တင်ပြရန်ရုံးမှ အထောက်အထားထုတ်ပေးမည်။ (တာဝန်ရှိသူမှ ထောတော–၁မူရင်းနှင့်အလုပ်ငှားရမ်းခွင့်တောင်းဆိုသည့်ဖောင်အား ပြန်ပေးမည်ဖြစ်သည်။ရွှေ့ပြောင်းအလုပ်သမားအတွက်အထောက်အထားအဖြစ်ပေးထားမည်။)

←

**အထောက်အထားများ**
၁–ရွှေ့ပြောင်းအလုပ်သမားငှားရမ်းခွင့်ပုံစံ
၂–အလုပ်ရှင်၏မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားမိတ္တူ
၃–လုပ်ငန်းမှတ်ပုံတင်သည့်ထောက်ခံစာမိတ္တူ
၄–ရွှေ့ပြောင်းအလုပ်သမားဓါတ်ပုံ ကပ်ထားသည့် ထောတော–၁ပုံစံ မူရင်း
၅–အလုပ်သမားတစ်ဦးလျှင်ထောတော–၁ပုံစံမိတ္တူ ၂စုံ

↓

**၂–အလုပ်သမားများအစီရင်ခံရန်ထောတော–၁ပုံစံတင်ခြင်း**

အလုပ်သမားမှတ်ပုံတင်ရုံး(၁၅ဇွန်–၁၄ဇူလိုင်)

- အလုပ်သမားမှတ်ပုံတင်ရုံးမှ ထောတော–၁အားလက်ခံခြင်း(မူရင်း)
- အလုပ်ငှားရမ်းခွင့်ပုံစံ မိတ္တူ
- မှတ်ပုံတင်အရာရှိမှ အပိုင်း–၁နှင့် ၂တွင်လက်မှတ်ထိုး၍တံဆိပ်ရိုက်ပြီး တာဝန်ရှိသူထံသို့ပြန်ပေးမည်ဖြစ်သည်။ အပိုင်း၃ အားဖြတ်၍အလုပ်ရှင်အားပေးမည်။
- ကိုယ်ရေးရာဇဝင်ဖြည့်ရန်၊ ဓါတ်ပုံရိုက်ရန်၊ ကိုယ်ပိုင်အမှတ် ၁၃ လုံးပေးရန်ချိန်းဆိုမည်။ (အလုပ်ရှင်မှထောတော–၁အပိုင်း ၃အား ၂စုံမိတ္တူကူးရမည်။)

←

၁–ထောတော–၁မူရင်းတွင်အလုပ်သမား၏မိတ္တူဓါတ်ပုံ ၂ပုံကပ်ရန်
၂–အလုပ်ငှားရမ်းမှုတောင်းဆိုစာမိတ္တူ
၃–အလုပ်ရှင်၏မှတ်ပုံတင်မိတ္တူနှင့်အတူ
၄–အလုပ်ရှင်၏အိမ်ထောင်စုဇယား၊ မိတ္တူနှင့်အတူ
၅–ဝန်ဆောင်ခ– ၈၀ဘတ်အား မြို့နယ်ရုံးနှင့် နယ်ရုံးတွင်ပေးဆောင်ရန်

**၃–ကျန်းမာရေးစစ်ဆေးရန်ချိန်းဆိုခြင်း**

ဆေးရုံ(၁၅ဇွန်–၁၂ဇူလိုင်)

- အလုပ်ရှင်မှထောတော–၁
- ထောတော–၁၏ အပိုင်း ၃
- အလုပ်ငှားရမ်းခွင့်ပုံစံမိတ္တူ စသည်တို့ကိုယူဆောင်သွားရမည်။

←

***အထောက်အထား***
၁–ထောတော–၁မိတ္တူ
၂–ထောတော–၁၏အပိုင်း ၃၊ မိတ္တူနှင့်အတူ
၃–အလုပ်သမားအားအလုပ်ငှားရမ်းခွင့်ပုံစံမိတ္တူ
၄–ကျန်းမာရေးစစ်ဆေးခ၆၀၀ဘတ်နှင့်ကျန်းမာရေးအာမခံခ ၁၃၀၀ဘတ်(ဆေးရုံမှတာဝန်ရှိဝန်ထမ်းမှကျန်းမာရေးစစ်ဆေးခနှင့်ကျန်းမာရေးအာမခံခအတွက်ငွေလက်ခံရရှိကြောင်းပြေစာထုတ်ပေးမည်။)

↓

**၄–အလုပ်လုပ်ခွင့်လျှောက်ထားခြင်း**

ဒေသတွင်းရှိအလုပ်ရှာဖွေရေးခရိုင်ရုံး(၁၅ဇွန်–၁၂အောက်တိုဘာ)

- တောထော–၈ပုံစံဖြည့်ခြင်း၊ တောထော–၈ပုံစံယူဆောင်ခြင်း
- ထောတော–၁၏အပိုင်း၃ မူရင်းနှင့်မိတ္တူ
- ကျန်းမာရေးစစ်ဆေးရန်ချိန်းစာ
- အလုပ်ရှင်၏အထောက်အထား

**တာဝန်ရှိသူ**

- အလုပ်လုပ်ခွင့်ပေးရန်ဆုံးဖြတ်ခြင်း
- ဝန်ဆောင်ခကောက်ခြင်း
- အထောက်အထားအဖြစ် ငွေရကြောင်းပြေစာထုတ်ပေးခြင်းနှင့်တောင်းဆိုစာလက်ခံခြင်း
- အလုပ်သမား၏မျက်နှာအားဓါတ်ပုံရိုက်ခြင်းနှင့်လက်ဗွေနှိပ်ခြင်း

←

၁–တောထော–၈ပုံစံ
၂–တောထော–၁၏အပိုင်း၃မိတ္တူ၊ မူရင်းနှင့်အတူ
၃–ကျန်းမာရေးစစ်ဆေးရန်ချိန်းစာ
၄–အလုပ်ရှင်၏မှတ်ပုံတင်၊ မိတ္တူနှင့်အတူ
၅–အလုပ်သမားအလုပ်သည့်အလုပ်နေရာမြေပုံ
၆–တောင်းဆိုခတစ်စောင်လျှင် ၁၀၀ဘတ်
၇–အလုပ်လုပ်ခွင့်လက်မှတ်အတွက်ကုန်ကျစရိတ် ၉၀၀–၁၈၀၀ဘတ်
(နေရာနှင့်လုပ်ငန်းအမျိုးအစားပေါ်တွင်မူတည်သည်)

# အဆင့် ၂–ရွှေ့ပြောင်းအလုပ်သမားများမှတ်ပုံတင်ခြင်း(၂၀၁၁ခုနှစ်)

(အဆင့် ၁မှ ၆အထိဆောင်ရွက်ပြီးနောက်ရွှေ့ပြောင်းအလုပ်သမားများအားမှတ်ပုံတင်ခြင်း)

**ကိုယ်ရေးမှတ်တမ်းပြုလုပ်ခြင်း**

ဓါတ်ပုံရိုက်၊ ကိုယ်ပိုင်နံပါတ် ၁၃လုံးသတ်မှတ်ခြင်း

မှတ်ပုံတင်ရုံး(ထောတော–၁ အပိုင်း၃တွင် ရက်ချိန်းအတိုင်း)

- ထောတော–၁ အပိုင်း၃ တွင်ကိုယ်ရေးမှတ်တမ်းပြုလုပ်မည့်ရက်ချိန်းအားစစ်ဆေးခြင်း
- ရက်ချိန်းအတိုင်းအလုပ်သမားအားခေါ်ဆောင်ခြင်း

**မှတ်ချက်**–ရွှေ့ပြောင်းအလုပ်သမားမှ အထောက်အထားအဖြစ် ထောရော ၃၈/၁အားလက်ခံခြင်း

← ထောတော–၁ အပိုင်း၃

↓

**ရွှေ့ပြောင်းအလုပ်သမားအားကျန်းမာရေးစစ်ဆေးခြင်းနှင့်ကျန်းမာရေးအာမခံပြုလုပ်ခြင်း**

ဆေးရုံ(၁–၆–၁၁ မှ ၃၁–၈–၁၁)

ကျန်းမာရေးစစ်ဆေးရန်ချိန်းဆိုထားသည့်နေရာ

- ကျန်းမာရေးစစ်ဆေးရန်ရက်ချိန်းအားစစ်ဆေးခြင်း
- ကျန်းမာရေးစစ်ဆေးရန် အလုပ်သမားအားခေါ်ဆောင်ခြင်း

**မှတ်ချက်**–ရွှေ့ပြောင်းအလုပ်သမားမှ အထောက်အထားအဖြစ်ဆရာဝန်ထောက်ခံစာရရှိမည်။

← *ကျန်းမာရေးစစ်ဆေးရန်ရက်ချိန်းစာ*

↓

**ရွှေ့ပြောင်းအလုပ်သမား၏အချက်အလက် Bio Data(မျက်နှာနှင့်လက်ဗွေ)**

ဒေသတွင်း/ခရိုင်တွင်းရှိအလုပ်ရှာဖွေရေးရုံး(တောင်းဆိုချက်တွင်ပါသည့်ရက်ချိန်းအတိုင်း

- ရွှေ့ပြောင်းအလုပ်သမား၏မျက်နှာနှင့်လက်ဗွေအားအချက်အလက်ယူရန်ရက်ချိန်းအားစစ်ဆေးခြင်း
- ရက်ချိန်းအတိုင်းအလုပ်သမားအားခေါ်ဆောင်ခြင်း

←
- တောင်းဆိုချက်အားလက်ခံခြင်း
- အလုပ်လုပ်ခွင့်လက်မှတ်အတွက်ငွေရပြေစာလက်ခံခြင်း

↓

**အလုပ်လုပ်ခွင့်လက်မှတ်ရရှိခြင်း(အလုပ်ရှင်မှအလုပ်သမားအားခေါ်သွားရန်မလိုပါ)**

ဒေသတွင်း/ခရိုင်တွင်းရှိအလုပ်ရှာဖွေရေးရုံး(ထောရော ၃၈/၁ နှင့်ဆရာဝန်ထောက်ခံစာရပြီး)

- ထောရော ၃၈/၁မိတ္တူ
- ဆရာဝန်ထောက်ခံစာ

**မှတ်ချက်**–ရွှေ့ပြောင်းအလုပ်သမားမှ အလုပ်လုပ်ခွင့်မူရင်းအားရရှိမည်။

←
- ထောရော ၃၈/၁
- ဆရာဝန်ထောက်ခံစာ
- အလုပ်လုပ်ခွင့်လက်မှတ်အတွက်ငွေရပြေစာ

မှတ်ချက်–အလုပ်သမားမှ ထောရော ၃၈/၁ မိတ္တူအားတောင်ထားရန်နှင့် ကိုယ်ပိုင်နံပါတ် ၁၃ လုံးအားမှတ်ထားရန်